# ပွန်းဆက်နိုးမြတ်
# ငါးရိုးမင်ညယ်



ခေတ်ပေါ်ဝတ္ထုတိုစုစည်းမှု



# ငါးရိုးပင်လယ်၌ ရွက်လွှင့်မိခြင်း

## (A)

ကျွန်တော်စာရေးသက် အနှစ်လေးဆယ်(၄၀)အတွင်း စာအတော်အသင့် ရေးဖြစ်ခဲ့သည်။ စာအမျိုးအစားလည်း စုံလင်သည်ဟု ဆိုနိုင်၏ ။ ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါး၊ ဝေဖန်ရေး၊ ဘာသာပြန်၊ သိပ္ပံဝတ္ထု၊ ဘာသာရေးနှင့် စတိုင်ယာ(သရော်စာ)၊ နိုင်ငံရေး စသည်ဖြင့်။ ထိုစာများ ကို အမျိုးအစားအလိုက် စုပေါင်းထုတ်ဝေသည်။ ပုံပြင်၊ ကလေးစာပေစာအုပ်တွေပါ ထည့်တွက်ခဲ့လျှင် အုပ်ရေလေးဆယ်(၄၀)ကျော်လောက်ရှိပြီ တလောက မိတ်ဆွေတစ်ယောက် က "ခင်ဗျားရဲ့ အမှာစာတွေချည်းစုပြီး စာအုပ်ထုတ်ပါလား" အကြံပေးသည်။ ထိုမိတ်ဆွေမှာ လူကောင်းဖြစ်သဖြင့် နောက်ပြောင်ပြောခြင်းသော်လည်းကောင်း၊ ပုတ်ခတ်ပြောခြင်းသော်လည်း ကောင်း မဟုတ်ချေ၊ "ခင်ဗျားရေးခဲ့တဲ့ အမှာစာတိုင်းမှာ တစ်ခုခုတော့ပါတယ်"၊ သူကပင် ဆက်ပြောခဲ့သေးသည်။

ဒီတော့မှ ကျွန်တော် (အမှာစာရေးခဲ့တာ ဒီလောက်များနေပြီလားဟု) ပြန်ဆန်းစစ် ကြည့်မိသည်။ ကျွန်တော်သည် တခြားသူများကို ထုတ်ဝေမည့် ကဗျာ၊ ဝတ္ထုတိုပေါင်းချုပ်၊ ဝတထ္ထုရှည်၊ ဆောင်းပါးပေါင်းချုပ် စသည်ဖြင့် စာအုပ်တော်တော်များများကိုပင် အမှာစာရေး ပေးခဲ့တာပြန်တွေ့ရသည်။ ကျွန်တော်ကို အမှာစာရေးပေးဖို့ တောင်ဆိုလာလျှင် ကျွန်တော် ငြင်းခဲလှသည်။ (စဉ်းစားမိရသလောက် တစ်ယောက်မှ မငြင်းခဲ့ဘူးဟုပင် ထင်ပါသည်) ဘာကြောင့်လည်း။ ကျွန်တော်က သိပ်ထူးထူးရှားရှား ငနဲတစ်ကောင်တော့ မဟုတ်။

အဲ့ဒီလူကို အမှာရေးခိုင်းတဲ့ သူစီမှာတော့ တစ်စုံတစ်ခုသော မျှော်ကိုးမှု (ဥပမာ- အနည်းဆုံး ငါ့ကိုတော့ ရေးပေးလိမ့်မည်ဟူသော မျှော်ကိုးမှု) ရှိနေတာသေချာသည်။ ထိုမျှော်ကိုးမှုကို အလဟဿ မဖြစ်စေလိုတာ တစ်ကြောင်း ဖြစ်သည်။

နောက်တစ်ချက်က အမှာစာရေးပေးရမည့်စာအုပ်ကို တခြားသူတွေမဖတ်ခင် အရင်ဖတ်ရသည့် အခွင့်အရေး။ နောက်တစ်ချက်က အနုပညာစာပေနှင့် ပတ်သတ်လာလျှင် ဘာပဲပြောရပြောရ ကျွန်တော်ကပြောချင်ဆိုချင်သည်။(ဒီလိုပြောဆိုရာ၌ အကောင်းချည်းသာ ရွေးပြောသင့်သော်လည်း ကျွန်တော်က ဒီလိုပြောတကက်သူမဟုတ်သဖြင့် တစ်ချို့အမှာစာ တောင်းထားပြီးမှ တကယ် ရိုက်တော့ ဖြုတ်ထားတာမျိုးပင် ကြုံဖူး၏ ) နောက်တစ်ချက်က ကိုယ်နဲ့လမ်းအတူလျှောက်သူတွေကို လက်ကမ်းကြိုတဲ့ သဘောပင်။ ကိုယ်က စီနီယာ တစ်ယောက်အနေဖြင့် နောက်လူတွေကို နုတ်၏ စောင်မခြင်း၊ လက်၏ စောင်မခြင်းဖြင့် ကူညီသင့်သည်ထင်ပါသည်။ ဒီလိုနှင့် သူ့ဝတ္ထုတိုပေါင်းချုပ်စာအုပ် "ငါးရိုးပင်လယ်" အတွက် အမှာစာရေးပေးဖို့ လွန်ဆက်နိုးမြတ်က ပြောတော့ လွယ်လွယ်ပင်လက်ခံလိုက်သည်။ သူကငြင်းရမည့်သူလည်း မဟုတ်။ ကျွန်တော်တို့ချင်း သိကျွမ်းခဲ့တာပင် ဆယ်စုနှစ်တစ်ခုမက ကျော်လွန်ခဲ့ပြီထင်ပါသည်။

*

## (B)

၁၉၇၀တစ်ဝိုက် ကျွန်တော်တို့နှင့် အပေါင်းအသင်းဖြစ်နေခဲ့သော လူငယ်တွေမှာ နွမ်ဂျာသိုင်း၊ နုသျှင်၊ မြသက် (ကိုသက်)၊

မောင်လက်ာ(ကွန်စစ်ကောင်း)၊ မောင်ပြည့်မင်း စသူတို့ဖြစ်ကာ သူတို့သည် ကျွန်တော်ထက် လေးငါးနှစ်မက ငယ်သူတွေဖြစ်သည်။ နောက်တော့ မောင်မောက်၊ မြင့်ဦးဦးမြင့်၊ မြမြင့်မိုရ်၊ ဇော်မျိုးသက်၊ မင်းသိုက်မွန်စတာတွေ။ နောက်တော့ တာယာမင်းဝေ၊ မင်းခိုက်စိုးစန်၊ နီကိုရဲ၊ လူငယ်စာပေသမားတွေနှင့် ကျွန်တော်ထိတွေ့ဆက်ဆံမှုမပြတ်။

ယခု လင်းညို့သွေး၊ ဝေမှူးသွင်၊ လူနေ၊ လတ်တေဇအောင်၊ လင်းမြတ်ဝေမွန်၊ မိုးစက်ဝိုင် စသဖြင့်။

ပြီးတော့ လွန်းဆက်နိုးမြတ်

အမှန်တိုင်းဝန်ခံရလျှင် ကျွန်တော်က သူ့ကို ကဗျာဆရာအဖြစ်သာ သိပါသည်။ သူ့ကဗျာတွေ့လျှင် ဖတ်မိကာ မှတ်မှတ်ရရကဗျာတွေလဲ ရှိခဲ့ဖူးပါသည်။ ဝတ္ထုရေးသူ (စကားပြေသမား) အနေဖြင့်မူ အမှတ်တမဲ့သာ ဖြစ်သည်။ တစ်ခါတစ်ရံမှသာ တွေ့လေ့ရှိသဖြင့် (ဝတ္ထုတိုကို) တစ်ခါတစ်ရံ ရေးသူဟုသာ မှတ်ယူထားခဲ့ပါသည်။

ယခု ဝတ္ထုတိုပေါင်းချုပ်စာအုပ်ကို မြင်လေမှ (စုစုပေါင်း ၁၄ ပုဒ်) ဝတ္ထုတို ဒီလောက် ရေးခဲ့ပါလားဟု သိမှတ်ရပါ၏ ။ သူက သူ့ဝတ္ထုတိုတွေကို (ခေတ်ပေါ်ဝတထ္ထုတိုစုစည်းမှု)ဟု ရဲရဲဝံ့ဝံ့ အမည်တပ်လိုက်တာက သူ့ဝတ္ထုများသည် ရီရယ်လစ်ဇင်ခေါ် သရုပ်မှန် ဝတ္ထုများမဟုတ်ကြောင်း ကြွေးကြော်၍ ပရိတ်သတ်ကို ကြိုတင် ခွဲခြမ်းလိုဟန်ရှိသည်။ ဒီခေါင်းစဉ်ကပင် ကျွန်တော့်ကို ဖတ်ချင်အောင် ဆွဲဆောင်နေသည်။ ခေတ်ပေါ်ကို ကျွန်တော်က Modern ဟုပင် မှတ်ယူထားပါသည်။

*

## (c)

"ကံ့ကော်ရောင်လွှမ်းချင်း" ဂတ္ထုက စတင်ဖတ်ရ၏ ။ ကံ့ကော်အကြောင်းကို အင်မတန်ရေးဖွဲ့လေ့ရှိသော ဆရာဇော်ဇော်၏ အရိပ်တွေ အတော်အတန် စိမ့်ဝင်နေသည်ဟု ထင်မိသည်။ အကြောင်းအရာရောင် စတိုင်ပါ တူနေသဖြင့် ဒီလောက်ရေးဖွဲ့နိုင်တာကိုပင် အံ့ဩရမလို။

"သတင်းစာထဲမှ ကြေငြာလေး" တစ်ခုကိုတော့ ဖက်ကာ သဘောကျ သွားသည်။ ဘာမှမဟုတ်တဲ့ အကြောင်းအရာလေးတစ်ခုကို တန္တယ်ငင် တစ်စင်ပါရေးဖွဲ့တက်မှု။ ယင်းမှာ မော်ဒန်နှင့် ပို့စ်မော်ဒန်သမားများ အသုံးပြုလေ့ ရှိသော ကြုံရာ ဖြစ်တန်ရာ အခြေအနေကို အသုံးပြုခြင်းနည်းပညာမှ တစ်ခုဟုဆိုနိုင်သည်။ သူ့ဂတ္ထုတိုတွေကို ကျွန်တော်ဆက်ကာ ကောင်းမွန်စွာ ဖတ်သွားနိုင်ပါသည်။

ယေဘူယျအားဖြင့် ပြောရလျှင် သူ့ဂတ္ထုများသည် သူ့ကိုယ်ပိုင် ထောင့်မကျိုးသော ခံစားမှုကို မော်ဒန်အတွေးအခေါ်ပုံစံနှင့် ကဗျာဆန်သော စကားလုံး များကို အသုံးပြုရင်း ဖော်ကျူးထားသော အနုပညာလက်ရာများဟု မှတ်ချက်ချပါက အတော်အသင့် လုံလောက် မည်ဖြစ်ပါသည်။ (ပြည့်စုံသည်ဟု မဆိုလိုပါ)

တချို့ ဂတ္ထုတွေမှာ (ဥပမာ-မရေမရာဖီလိုဆိုဖာ) လိုတာထက် ပိုရှည်နေသလိုပင်။ "ရေခိုးရေငွေ့ဒိုင်ယာရီ" မှာလည်း ထိုသဘောမျိုး တွေ့ရသည်။ စိတ်ထဲပေါ်လာသမျှ စိတ်ကူးရသမျှတွေကို လောဘတကြီး ထည့်သွင်းချင်ပုံရသည်။ (ဂတ္ထုကဗျာကောင်းဖန်တီးရာတွင် လောဘသတ်နိုင်သော စိတ်မှာ အရေးတကြီးနေရာမှ ပါဝင်သည်ဟု ထင်ပါသည်) ဒါကြောင့် ဂတ္ထုထက်ဆောင်းပါးလိုလို အက်ဆေးလိုလိုနှင့် ပို၍ တူနေ၏ ။ ဂတ္ထုတိုဟု ဆိုနိုင်သည့် အင်္ဂရပ်တချို့ ချို့ငဲ့နေသည်ထင်မိသည်။ "တောင်းဆု" မှာ အလှည့်ဂတ္ထုလိုလို ဖြစ်နေပြီး ထူးခြားမှုလည်း မရှိသဖြင့် (သရုပ်မှန်ဂတ္ထု တစ်ပုဒ်အမြင်ဖြင့်တော့ ကောင်းနိုင်ကောင်း ကောင်းနိုင်ပါလိမ့်မည်) ဤစာအုပ်တွင်

ထည့်သွင်းဖော်ပြရန် မသင့်တော်ချေ။ အော က်တိုဘာဂတ္ထုဆိုသော ဂတ္ထုမှာလည်း အလားတူပဲဟု ဆိုနိုင်သည်။ အများစုမှာ သူခေါင်းစဉ်ငယ် တပ်ခဲ့သလို (ခေတ်ပေါ်ဂတ္ထုတို စုစည်းမှု ) ဆိုသော စကားကို ကန့်ကွက်စရာမရှိ လက်ခံရမည့် ဂတ္ထုများသာ ဖြစ်သည်။ ကိုယ်ရေးကိုယ်တာ ဝေဖန်ရေးတွေ နည်းနည်းများနေတာတော့ အမှန်ပင်။

သူ အခုလုံးချင်းဂတ္ထုတွေ ရေးနေသည်။ အများကြိုက်၍ အောင်မြင်ချင်လည်း အောင်မြ င်သွားနိုင်သည်။ သို့သော် ကျွန်တော်သိတာကတော့ သူ့ တကယ့်ဘဝမှာ မော်ဒန်ကဗျာဆရာ၊ ဂတ္ထုတိုဆရာဟူသော အချက်သာဖြစ်သည်။ ထိုအချက်ကို ဘယ်တော့မှ မမေ့ဖို့ သူ့ကို ဤအမှာစာဖြင့် သတိပေးလိုက်ချင်ပါသည်။

**လေးစားချစ်ခင်လျှက်**

**သစ္စာနီ**

**(၂၀၁၀၊ ဩဂုတ် ၂၅)**

*



## ကံကော်ရောင်လွမ်းချင်း

ကိုယ့်အခန်း ပြတင်းပေါက်ကို ဝုန်းခနဲဖွင့်လိုက်ရာ လမ်းမပေါ်တွင် မြင်နေကျ အရာဝတ္ထုများ၊ မြင်နေကျ စားသောက်ဆိုင်များနှင့် လျှောက်နေကျ လမ်းကို လျှောက်နေကြသော ခပ်ဟောင်းဟောင်းလူများကို မြင်တွေ့ရ၏ ။

ဘဝဆိုသည်မှာ လူတွေအတွက် နံနက်စောစော ကန်တော်ကြီးဆီ လမ်းလျှောက်ဖို့ ဖြစ်သည် ။ တန်ဖိုးကြီးနိုင်ငံခြားခွေးတစ်ကောင် ဝယ်ယူဖို့ဖြစ်သည်။ ကော့တေလ်အရက်တစ်ခွက် သောက်ဖို့ ဖြစ်သည်။ ဂန္ထဝင်သီချင်းကြီးတွေ နားထောင်ဖို့လည်း ဖြစ်သည်။ ကိုယ့်အတွက်တော့ ဘဝဆိုတာ မမြင်ရသော ဓားသွားတွေကြား ကိုယ့်ဝိညာဉ်တသ်ခုလုံး ဝင်ရောက် "က" ပြနေသလို ဖြစ်နေတာ ကြာခဲ့ပါပြီ။

တောင်ပံတစ်ဖက်ဖြင့် ပျံသန်းနေသော အဝါရောင်အိမ်မက်ထဲတွင် သူမကို မြင်ရ၏ ။ ကိုယ့်လက်မှာ ပတ်ထားသော နာရီစက္ကန့်သံ တစ်ချက်ချက်သည် ကိုယ့်နားနှစ်ဖက်မှတစ်ဆင့် နှလုံးသားထဲသို့ ကျိန်စာတွေလို ပျော်ဝင်စီးဆင်းသွားကြသည်။ ကိုယ်ဟာ နာရီတွေကို မုန်းတီးဖူးပါသလား။

ကိုယ်ဟာ နာရီတွေကို မမုန်းတီးဖူးပေမယ့် အချိန်ကာလဆိုတာကိုတော့ ကိုယ်မုန်းတီးနာကျည်းသည်။ ထိုအချိန်ကာလဆိုသော ပညက်တရားထဲမှာ ကိုယ်ဘယ်လောက်ကြာကြာ မျှော်လင့်ရှင်သန်နေရမှာလဲ။

အနက်ရောင် ကျွန်းသားခေါင်းတလားထဲတွင် သူမသည် ကံ့ကော် တစ်ပွင့်ပန်ဆင်လျက် လဲလျောင်းနေသည်။ (သို့မဟုတ်) သေဆုံးနေသည်။ သူမနှင့်တူ

သူမပန်ဆင်ထားသော ကဲ့ကော်တစ်ပွင့်သည်လည်း သေဆုံးသွားခဲ့၏ ။
သူမနှင်ပအတူ သူမပန်ဆင်ထားသော ကံ့ကော်ပွင့်နှင့်အတူ ကိုယ့်နှလုံးသား သွေးခုန်နှုန်းများသည်လည်း လူမသိသူမသိ သေဆုံးသွားခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သည်။

လမ်းမပေါ်တွင် မြင်နေကျ အရာဝတ္ထုများ၊ မြင်နေကျ စားသောက်ဆိုင်များနှင့် လျှောက်နေကြလမ်းကို လျှောက်နေကြသော ခပ်ဟောင်းဟောင်း လူများကိုကြည့်ကာ ဘာရယ်မဟုတ်ပါဘဲ ကိုယ် ကျယ်ကျယ်လော င်လောင် အော်ဟစ်ရယ်မောလိုက်မိသည်။

သူမ သေဆုံးပြီးကတည်းက ကိုယ့်ရဲ့ နွေဦးပေါက်ရာသီတွေဟာ ခြောက်သယောင် ပျင်းရိစရာ ကောင်းလွန်းလှသည်။ မြက်ခင်းစိမ်း စိမ်းပေါ်မှာ ထိုင်နေသော သူမ၏ ရယ်သံနုနုများ။ ကိုယ်လက်ဖျံပေါ်က သူမအတွက် မျှော်လင့်ချက် သွေးစက်များ၊ ကော်ဖီပုပုလေးစီမှ အားလပ်ရက် တနင်္ဂနွေနေ့များ၊ သေချာတာကတော့ ကိုယ့် နွေဦးပေါက်ရာသီတွေဟာ အခုတော့ဖြင့် ခြောက်သယောင်းပျင်းရိစရာ ကောင်းလွန်းလှသည်။

နံရံပေါ်ရှိ ပြက္ခဒိန်ဆီ ကိုယ့်မျက်လုံးတွေ ရောက်သွားတော့ ဒီနေ့ တနင်္ဂနွေနေ့ဖြစ်သည်ကို စိတ်မကောင်းစွာ ကိုယ်သိလိုက်ရ၏ ။ ဟိုတုန်းက တနင်္ဂနွေ မနက်စောစောတွေမှာဆိုရင် ကော်ဖီဆိုင်ပုပုလေးမှာ သူမက ကိုယ့်ကိုစောင့်မျှော်နေခဲ့လိမ့်မည်။

ကိုယ်တို့နှစ်ယောက်စလုံး ထိုကော်ဖီဆိုင် ပုပုလေးဆီမှ ခါးစိမ့်သော ကော်ဖီကို နှစ်သက်တာခြင်း တူညီကြသည်။ ကော်ဖီသောက်ပြီးသောအခါ သူမအား ကဗျာတစ်ပုဒ် ကိုယ်ရွတ်ဆိုပြမည်။ ထို့နောက် ကိုယ့်ပုခုံးကို မှီနွဲ့ပြီး န စ်ယောက်သား  မြို့ထဲရှိသမျှ ပန်းခြံတွေဆီ လျှောက်သွားကြမည်။ တစ်ခါတစ်ရံ ရုပ်ရှင်ဝင်ကြည့်ဖြစ်ကြလိမ့်ဦးမည်။ တနင်္ဂနွေနေ့သည် ကိုယ်တို့နှစ်ယောက်အတွက် အားလပ်ရက်ဖြစ်သည်။

ကံ့ကော်တစ်ပွင့် ပန်ဆင်ထားသော သူမသည် သေဆုံးသွားသော်လည်း ကိုယ့်ရင်ထဲတွင်တော့ သူမ ဆက်လက်ရှင်သန်နေလိမ့်ဦးမည်။ ကိုယ်မသေဆုံးမချင်း ကိုယ့်ရင်ထဲမှာ သူမ ရှင်သန်နေစေရမည်။ သို့သော် သူမရင်ထဲမှာတော့ ကိုယ့်ဝိညာဉ်သည် သူမ သေဆုံးပြီးကတည်းက သူမနှင့်အတူ ပျောက်ကွယ်သွားပေလိမ့်မည်။

အဝေးမှ သီချင်းသံသဲ့သဲ့ကို ကိုယ်ကြားလိုက်မိ၏ ။ နားစိုက်ထောင်ကြည့်သောအခါ ဇော်ဝင်းထွဋ်ရဲ့ ရွှေရောင်အိမ်မက်များသီချင်း ဖြစ်နေသည်ကို နာကျင်မှုတစ်ခုနှင့်အတူ သိလိုက်ရသည်။ ကိုယ် သူမကို ပြင်းပြင်းပြပြ သတိရနေမိချိန်ဟာ တနင်္ဂနွေတစ်နေ့အဖြစ် ထူးခြားစွာ တိုက်ဆိုင်ရုံမျှမက သူမသိပ်ကြိုက်သည်ဆိုသော သီချင်း ကိုပင် ကိုယ်ကြားနေရသည်။ ကိုယ့်ရင်ခွင်သည် ချောက်ချားပူလောင်စွာဖြင့် တုန်ယင်နေတော့သည်၏ ။

ယခုတော့ သူမသည် ကံ့ကော်တစ်ပွင့်ပန်ဆင်ရင်း သေဆုံးသွားခဲ့ပြီ။ သူမနှင့်အတူ သူမပန်ဆင်ထားသော ကံ့ကော်တစ်ပွင့်သည်လည်း သေဆုံးသွားခဲ့၏ ။ သူမနှင့်အတူ သူမပန်ဆင်ထားသော ကံ့ကော်တစ်ပွင့်နှင့်အတူ သူမရင်ထဲတွင် တစ်ချိန်က ရှင်သန်ခဲ့သော ကိုယ့်ဝိညာဉ်လည်း သေဆုံးခဲ့ပြီ။ သူမရင်ထဲက ကိုယ့်ဝိညာဉ်သည် ကိုယ့်ရဲ့ချစ်ခြင်းမေတ္တာများဖြင့် ထုစစ်ထားသော ပုံရိပ်သာဖြစ်၏ ။ ထို့အတူ ကိုယ့်ရင်ထဲက သူမဝိညာဉ်သည်လည်း သူမရဲ့ချစ်ခြင်း မေတ္တာများဖြင့် ထုံးမွမ်းထားသော သူမပုံရိပ်သာဖြစ်သည်။ ကံ့ကော်တစ်ပွင့်ပန်ဆင်ပြီး သေဆုံးသွားသော သူမသည် ကိုယ့်ရင်ထဲက ချစ်ခြင်းမေတ္တာဖြင့် ပေါင်းစပ်ထားသော သူမဝိညာဉ်မဟုတ်ပါချေ။ အာရုံခြောက်ပါး ကုပ်တွယ်ခြင်းခံခဲ့ရသော သက်မဲ့ခန္ဓာကိုယ်ငယ် တစ်ခုသာဖြစ်သည်။

စိတ်ရှုပ်ထွေးစွာဖြင့် လွတ်လပ်ကျယ်ပြန့်သော ကောင်းကင်စီ ကိုယ် မော့ကြည့်ဖြစ်တော့ မှိုင်းဖြူဖြူတစ်အုပ် ပျံသန်းသွားတာ မြင်ရ၏ ။ အဝေးမှ

ဖော်ဝင်းထွဋ်ရဲ့ သီချင်းသံသဲ့သဲ့ကိုတော့ ကိုယ်မကြားရတော့ပါ။ ကိုယ့်အတွက် ရွှေရောင်အိမ်မက်တွေ ဘယ်စီမှာ ပုန်းခို နေပါသလဲကွယ်။

ကိုယ်ရော သူမရော မွေးဖွားစဉ်က သီးခြားဖြစ်သော်လည်း ကိုယ်နှင့် သူမ တွေ့ဆုံပြီးချိန်မှစ၍ ကိုယ်တို့နှစ်ယောက်စလုံးရဲ့ ရင်ဘက်ထဲတွင် တစ်ယောက်ဝိညာဉ် တစ်ယောက်ထံ ပူးကပ်ခိုဝင်ကာ နှစ်ယောက် တစ်ဝိညာဉ် ဖြစ်ခဲ့ကြသည်။

ကိုယ့်ရွှေရောင်အိမ်မက်တွေ ခုတော့ စာတိုက်ပုံးထဲတွင် ပုန်းအောင်းနေသည်။ နာရီတစ်လုံးထဲတွင် ပုန်းအောင်းနေသည်။ ဘီယာဘူးခွံအလွတ်ထဲတွင် ပုန်းအောင်းနေသည်။ ဂျူပီတာဂြိုလ်ပေါ်တွင် ပုန်းအောင်းနေသည်။ ဝက်ပေါင်းခြောက်ထဲတွင် ပုန်းအောင်းနေသည်။ နောက်ဆုံး သူမပန်ဆင်ထားသော ကံ့ကော်ပွင့်ထဲတွင်လည်း ပုန်းအောင်းနေနိုင်သည်။

ကိုယ်တို့နှစ်ယောက်သည် ကမ္ဘာကြီးအား ချစ်ခြင်းဖြင့် အနိုင်ပိုင်း နေထိုင်ခဲ့ကြသော်လည်း သူမ သေဆုံးသွားခြင်းသည် ကိုယ်ရော သူမရော သေဆုံးသွားခြင်းဖြစ်ပြီး ကိုယ် ရှင်သန်ကျန်ရစ်ခြင်းသည် ကိုယ်ရောသူမရော ရှင်သန်ကျန်ရစ်ခြင်းဖြစ်သည်။ သို့သော် ကိုယ်သေဆုံးသွားလျှင်တော့....။

လမ်းမပေါ်မှ မြင်နေကြ အရာဝတ္ထုများ၊ မြင်နေကြ စားသောက်ဆိုင်များနှင့် လျှောက်နေကြလမ်းကို လျှောက်နေကြသော ခပ်ဟောင်းဟောင်းလူများကို ကြည့်မြင်လိုစိတ် မရှိသောကြောင့် ကိုယ့်အခန်းပြတင်းပေါက်အား ဝုန်းခနဲ ကိုယ်ပိတ်ပစ်လိုက်သည်။

တောင်ပံတစ်ဖက်ဖြင့် ပျံသန်းနေသော အဝါရောင်အိမ်မက်ထဲတွင် သူမ ၏ စိုလွင်သော အပြုံးများကို ရုပ်ရှင်အနေးပြကွက်တစ်ခုပမာ ဝေဝါးစွာ မြင်ရပြန်၏ ။ တနင်္ဂနွေနေ့သည် ကိုယ်တို့နှစ်ယောက်အတွက် အားလပ်ရက်ဖြစ်သည်။ အနက်ရောင် ကျွန်းသားခေါင်းတလားထဲတွင် ထာဝရ အိပ်ပျော်နေသော သူမအား

ကိုယ်ကံ့ကော်တစ်ပွင့် ပန်ဆင်ပေးခဲ့ပါသည်။

**(ကြွယ်ကိုးစင်းနဲ့လင်းတဲ့ ကောင်းကင် ဝတ္ထုတိုစု၊ ၂၀၀၃၊စက်တင်ဘာ)**

**ဖက်ရှင်၊မေ၊ ၂၀၀၈**

*



# ဘဝတစ်ခုရဲ့ကမ်းပါး

## (၁)

အလုပ်တစ်ခုခုမှ မလုပ်ရရင် ကျွန်တော်မနေကတ်သလို ဖြစ်နေတယ်`

မိတ်ဆွေက ကြိုးညှိပြီးသား ဂစ်တာတစ်လက်ကို (မလိုအပ်ဘဲ)ကြိုးညှိရင်း ပြောလိုက်သည်။ သူကတော့ သူ့မိတ်ဆွေအသံသည် ကြွက်တစ်ကောင် မျက်နှာကျက်ပေါ် အလျင်စလို တက်ပြေးသွားသော အသံနှင့် ဆင်ဆင်တူသည်ဟု တွေးနေသည်။

သူတို့မြို့ကလေးပေါ် သူ့မိတ်ဆွေစရောက်လာတုန်းက အလည်သက်သက်ဟု သူထင်မိခဲ့သေးသည်။ သို့သော် အလုပ်အလွန်လုပ်သော မိတ်ဆွေသည် အလုပ်ကိစ္စတစ်ခုဖြင့် ရောက်လာခြင်းသာ ဖြစ်သည်။

"ကျွန်တော်ကတော့ ဖြစ်နိုင်ရင် ဘဝမှာ ဘာမှကြီးကြီးကျယ်ကျယ် မလုပ်ချင်တော့ဘူး။ သူများတွေလုပ်နေတဲ့ အလုပ်တွေကိုပဲ စောင့်ကြည့်ချင်တယ်။ ရေပြင်ရဲ့ အလှကို ပကတိအတိုင်း ထိုင်ကြည့်နေရသလိုမျိုးပေါ့။ ဒီဘဝမှာ ငါးလည်းမမျှားချင်ဘူး။ ငါးမရလို့ ရေချိုးပြီးလည်း မပြန်ချင်ဘူး"

သူ့ကိုမိတ်ဆွေက နားမလည်သလိုကြည့်ပြီး "ခင်ဗျားကတော့ အရင်အတိုင်းပါပဲဗျာ" ဟု ပြောလေသည်။ ပြတင်းပေါက်အပြင်ဘက်တွင်

မိုးဖွဲလေးတွေ ကျနေတာကို သူငေးကြည့်နေလိုက်သည်။ သူ့ခန္ဓာကိုယ်ပေါ်တွင် အရင်ကနှင့် မတူသော အခြေအနေအတွေးအခေါ်တွေ ဖြတ်သန်းသွားခဲ့တာ သူ့မိတ်ဆွေတွေမသိ၊ သူ့မိတ်ဆွေနှင့် စတင်သိကျွမ်းစဉ်က သူသည် သက်ထားဆိုသော မိန်းခလေးဖြင့် ချစ်သူဖြစ်နေသောအချိန်၊ ရူပဗေဒဒုတိယနှစ်ကျောင်းသားဖြစ်သော သူ့အတွက် ဘဝပုစ္ဆာတွေက တွက်ရ သိပ်ခက်ခဲသေးပေ။

နောက်ပိုင်းတွင် သူသည် မိသားစုစားဝတ်နေရေးအတွက် ဆိပ်ကမ်းတွင် ကုန်ထမ်းပေးခဲ့ရသည်။ အရက်များများသောက်တက်ခဲ့သည်။ ချစ်သူ နှစ်ယောက်တိတိ ရရှိခဲ့သည်။ (မကြာခင်ပဲ သူ့ကိုပစ် ပြေးသွားကြ၏ ။) နဖူးတွင် အမာရွတ်သေးသေးလေးတစ်ခု ရလာခဲ့သည်။ သူများတံတွေးခွက်ထဲ မြုပ်ချည်ပေါ်ချည့်ဖြစ်ခဲသည်။ အမေ ဆုံးပါးသွားခဲ့သည်။

"ထောက်"

မိတ်ဆွေ ကြိုးညှိနေသည့် ဂစ်တာမှ ?နှစ်` ကြိုးတစ်ချောင်း ရုတ်တရက် ပြတ်ထွက်သွား၏ ။ မိတ်ဆွေက ဂစ်တာကို အခန်းနံရံတွင် စိတ်ပျက်လက်ပျက် မှီထောင်လိုက်ပြီး...

"မိုးတိတ်ရင် ကျွန်တော်တို့ မြို့ထဲသွားပြီး စာအုပ်ဝယ်ကြရအောင်ဗျာ"

သူခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြလိုက်သည်။ မိတ်ဆွေသည် ပုဂ္ဂလိကကုမပ္ပဏီ တစ်ခုမှ ဆောက်လုပ်ရေး အင်ဂျင်နီယာတစ်ယောက် ဖြစ်၏ ။ အလုပ်အလွန်ကြိုးစားသောကြောင့် ကုမ္ပဏီတွင် အလုပ်အများဆုံး လုပ်ရသူ တစ်ယောက်လည်းဖြစ်သည်။

ငယ်စဉ်ကတည်းကပင် ဖခင်၏ အလုပ်ထဲမှာ ဝင်သူညီပေးခဲ့ရသဖြင့် ကလေးဘဝရဲ့ အားလပ်ချိန်တော်တော်များ ဆုံးရှုံးခဲ့ရဖူးတယ်ဟု သူနှင့် သိကျွမ်းပြီးနောက်ပိုင်းတွင် မိတ်ဆွေပြောပြခဲ့ဖူးတာကို သူပြန်အမှတ်ရမိသေးသည်။

သူနှင့် သူ့မိတ်ဆွေ ဘယ်နေရာမှာ စတင်တွေ့ရှိခဲ့တာလဲ။ သူ သတိမရတော့။ သို့မဟုတ် သူ သတိမထားဖြစ်ခဲ့။ ( ထိုနှစ်ခုစလုံး အတူတူပင် ဖြစ်၏ ) ဖဲတစ်ဝိုင်းမှာ ဖြစ်နိုင်၏ ။ ပင်လယ်ကမ်းခြေ တစ်နေရာမှာလည်း ဖြစ်နိုင်သည်။ ပန်းဆိုးတန်း ကုန်းကျော်တံတားပေါ်မှာလည်းဖြစ်နိုင်သည်။ ပြည့်တန်ဆာ အိမ်တစ်အိမ်မှာ တွေ့ခဲ့တာတော့ မဖြစ်နိုင်။(ထိုအိမ်မျိုးသို့ သူတစ်သက်လုံး မသွားခဲ့ဖူးပါ။)

ရှားပါးလှသော မိတ်ဆွေ၏ အလုပ်အားရက်ဖြစ်သည့် ယနေ့တွင် သူတို့နှစ်ယောက်ဆုံမိကြခြင်းသာ ဖြစ်သည်။ `ကြယ်စုံသစ်ပင်' အမည်ဖြင့် ဖွင့်လှစ်ထားသော စာအုပ်ဆိုင်မှ သူက `နာရီသံနဲ့မြို့' ဟူသော ကဗျာစာအုပ် တစ်အုပ် ကို ဝယ်ယူခဲ့၍ မိတ်ဆွေကတော့ `စာရင်းဇယားဖြင့် နေထိုင်နည်း' စာအုပ်ကို ဝယ်ယူခဲ့ လေသည်။

ထိုစာအုပ်ဆိုင်မှ အပြန်တွင် ထိုနေ့အတွက် သူတို့နှစ်ယောက် လမ်းခွဲ လိုက်ကြလေသည်။

*

## (၂)

မိုးက ယခုရက်များတွင် သူတို့မြို့ကလေးအား မိုးစက်များဖြင့် မလှုပ်ရှားနိုင်အောင် တင်းတင်းချည်နှောင်ထား၏ ။ သူလည်း ကွက်ပေါသည့် အခန်းထဲတွင် အပေါစားဂတ္တူများဖတ်ခြင်းဖြင့် အချိန်တွေ ဖြုန်းတီးပစ်နေရသည်။

သူမွေးလာကတည်းက အဖေဆိုသူကို မမြင်ဖူးခဲ့။ အမေဆုံးပြီးနောက်ပိုင်း သူ့တွင် ညီတစ်ယောက်နှင့် ညီမတစ်ယောက်ကျန်ခဲ့သည်။

တခြားမြို့မှ အမေ့ဖက်က တော်စပ်သည့် ဆွေမျိုးများရှိသော်လည်း သူတို့ မိသားစုနှင့် အရင်ကတည်းက ခပ်စိမ်းစိမ်းပင်ပင်ဖြစ်ခဲ့ရာ အမေရက်လည်ပြီး နောက်ကတွင် ဘာအဆက်သွယ်မှ မရှိတော့ပေ။ ယခုတော့ သူ့ညီမသည် နယ်ခြားမြို့လေးတစ်မြို့တွင် သူ့အိမ်ထောင်နှင့် သူ အတည်တကျဖြစ်နေပြီ။ သူ့ညီကတော့ သူနေထိုင်နေရာ ဤမြို့ကလေးမှာပင် ယောက္ခဖြစ်သူအိမ်မှာ နေထိုင်နေသည်။ အတော်အသင့် ဝင်ငွေရှိသော စီးပွားရေး လုပ်ငန်းတစ်ခုကို ဦးစီးနေရသည်ဟုလည်း တစ်ခါက သူ့ဆီအလာတွင် ပြောပြသွားခဲ့၏ ။

သူတို့မြို့ကလေး၏ အစွန်၌ အသီးအနှံစိုက်ခင်းတွေ အများအပြား ရှိရာ သူပိုင်ဆိုင်သည့် နှင်းဆီခြံသည် မြို့ကလေး၏ တောင်ဘက်ကျကျတွင် တည်ရှိသည်။ ယုံကြည်အားထားရသော စိုက်ပျိုးရေးမှူးတစ်ယောက်နှင့် လွှဲထားပြီး တစ်ပတ်မှာ နှစ်ရက်လောက်တော့ နှင်းဆီခြံထဲသူရောက်နေတက်သည်။

သူသည် နိုင်ငံခြားရုပ်ရှင်အသစ်လဲလျှင် သွားကြည့်သည်။ တစ်ခါတစ်ရံ ဥပုဒ်စောင့်၍ တစ်ခါတစ်ရံ နှင်းဆီခြံထဲဆင်းသည်။ သုံးနှစ်တစ်ခါလောက် သူ့ညီမရှိသော နယ်ခြားမြို့လေးသို့ ခရီးထွက်တက်သေးပြန်သည်။ ထိုအခါမျိုးတွင် သူ၏ တူ၊ တူမများအတွက် ကစားစရာလက်ဆောင်တစ်ချို့ ယူဆောင်သွားလေ့ရှိသည်။ ဤသို့ဖြင့်ပင် သူ့ဘဝသည် ပြည့်စုံလုံလောက်ပြီဟု သူယူဆမိ၏ ။

*

## (၃)

နေသာသော တစ်နေ့တွင် အလုပ်အလွန်လုပ်သော မိတ်ဆွေနှင့်

သူတွေ့မိလိုက်သေးသည်။ သို့သော် သူ့မိတ်ဆွေ အလုပ်ရှုပ်နေသောကြောင့် စကားပင် သိပ်ကြာကြာမပြောဖြစ်ရ။ သူကသာ…

"ခင်ဗျား မပြန်ခင်တစ်ရက်တော့ ကျွန်တော့ ကျွန်တော့်နှင်းဆီခြံထဲ လိုက်ကြည့်လှည့်ဗျာ။ ခင်ဗျားလည်း စိုက်ပျိုးရေးဝါသနာပါတဲ့လူပဲ။ ကျွန်တော့်ဆီက ရှားပါးနှင်းဆီပင်တွေ ခင်ဗျားအပြန်မှာ ထည့်ပေးလိုက်မယ်လေ။"

မိတ်ဆွေက ကမန်းကတန်း ခေါင်းညိတ်ပြီး လက်ပြနှုတ်ဆက်သွားသည်။ ထိုနေ့က ရုပ်ရှင်ရုံတစ်ရုံတွင် မင်းသား `ရုပ်ဆယ်လ်ခရိုး␣ ပါဝင်သည့် ဇာတ်ကားသစ်တစ်ကားအား သူကြည့်ဖြစ်ခဲ့သည် ထင်၏ ။

*

## (၄)

သူ ဆယ်ကျော်သက်အရွယ်ကတော့ ပန်းချီကို သဲသဲမဲမဲ ရေးဆွဲခဲ့ဖူးသည်။ ခံစားချက်က အရွယ်နှင့်ထပ်တူ အချိုးကြခဲ့သော ကာလတွေဖြစ်၏ ။ ပန်းချီပညာနှင့်ပတ်သတ်၍ လည်း သူ့မှာ ဆရာမရှိခဲ့။ ထိုအချိန်တုန်းက သူတို့ မြို့မှာရှိသော ဘုရားဆောင်းတန်းများထဲမှ ဗုဒ္ဓဝင်ဆီဆေး ကားများကတော့ သူ့ပန်းချီသက်တမ်း အဦးအဖျားတွင် ပထမဆုံးနှင့် နောက်ဆုံးမြင်ရာများ ဖြစ်နိုင်သည်။

ပထမဆုံးဆိုသည်က သူတို့မြို့တွင် မည်သည့်အခါမျှ ပန်းချီပြပွဲ ပြုလုပ်လေ့မရှိသဖြင့် သူပန်းချီကားများကို ဆာလောင်သောအခါ ကြည့်စရာ ပန်းချီကားမရှိသောကြောင့် ဘုရားစောင်းတတန်းမှ ပန်းချီကားများကသာ

သူ့အတွက် စိတ်အာသာပြေရာ ရခဲ့ခြင်းကြောင်း ဖြစ်သည်။ (သူတို့မြို့မှ ပန်းချီဆရာများကလည်း ဆိုင်ဘုတ်ရေးတာလောက်သာ တွင်တွင်ကျယ်ကျယ် လုပ်ကိုင်မိ၍ ရေးဆွဲပြီး ပန်းချီကားများမှာလည်း ရုပ်ရှင်ပိုစတာကြော်ငြာနှင့် တခြားခပ်ညံ့ညံ့ပန်းချီကား အနည်းငယ်သာ ရှိသည်။)

နောက်ဆုံးမြင်ဆရာဟု ဆိုရသည်မှာ ထိုဘုရားစောင်းတန်းမှ ပန်းချီကားမျိုး သူ ရေးဆွဲချင်တာမဟုတ်ဟု သူ့ကိုယ်သူ သိလိုက်ပြီးကတည်းက ထိုပန်းချီကားများက သူ့စိတ်ထဲမှာ အပြီးအပိုင်ပျောက်ကွယ်သွားခဲ့ရခြင်းကြောင့် ဖြစ်သည်။

တစ်ကြိမ်တွင် သူသည် စာရေးရိက္ခာစုံဖြင့် အခန်ပိတ်ကာ စိတ်ထဲရှိနေသော ပန်းချီများအား တစ်လလောက်နေ့ညဆက်ကာ အစားအသောက် သတိမထားဘဲ ရေးဆွဲခဲ့သည်။ သူ့စိတ်ထဲရှိသမျှ သွန်ထုပ်ဆွဲခဲ့ခြင်း ဖြစ်သည်။ အခန်းတံခါး ပြန်ဖွင့်လိုက်တော့ မှန်ထဲက သူ့ရုပ်ရည်သည် အတော်ကလေး ပိန်ချုံးနေခဲ့ပီ။ ရေးဆွဲပြီးသော ပန်းချီကားများအား မိုးကာသားစကြီးဖြင့် လွှမ်းခြုံထားလိုက်ကာ လုံးဝလှပ်မကြည့်ဘဲ တစ်လလောက် ပစ်ထားလိုက်သည်။

တစ်ရက်...

အဲသည် တစ်ရက်က သူ့ကိုပြောင်းလဲပစ်ခဲ့သည်။ မိုးကာသားစကြီးကို လှပ်လိုက်ပြီး သူအပန်းတကြီး ရေးဆွဲခဲ့သော ပန်းချီကားများအား ကြည့်လိုက်ရာ ကမ္ဘာ့အညံ့ဖျင်း ပန်းချီကားများဖြစ်နေသည်ကို စိန်မကောင်းစွာ တွေ့ရှိလိုက်ရ၏ ။ ထိုအချိန်မှစ၍ သူလည်း ပန်းချီ ရေးဆွဲခြင်းကို စွန့်လွှတ်လိုက်လေတော့သည်။ သူ့အမေက `သားလေး ပြန်ကောင်းလာပြီ' လို့ ပြောခြင်းကိုလည်း ခံခဲ့ရလေသည်။

*

## (၅)

မနက်ခင်းများစွာ ညနေခင်းများစွာသည် သူတို့မြို့ကလေးအပေါ်အချိန်မှန် ဝင်ထွက်သွားလာလျှက်ရှိသည်။ သူ့မိတ်ဆွေသည် နှင်းဆီခြံထဲသို့ သွားရန်အတွက် အလုပ်အားလပ်ရက်မရှိနိုင်သေး။ သူကတော့ လောကကြီးသည် သူ့မိတ်ဆွေလိုပင် အလုပ်ရှုပ်၍ သူ့လိုပင် ပေါ့ပါးသည်ဟု တွေးမိသည်။

`ခင်ဗျား ဒီအသက်အရွယ်နဲ့ဆိုရင် ဘဂလက်တွဲဖော် တစ်ယောက် ရှိနေသင့်ပြီ' ဟု သူနှင့် တွေ့သည့်အခါတိုင်း မိတ်ဆွေ အတော်များများက ပြောကြ၏ ။ သူ စဉ်းစားကြည့်သောအခါ ဘဂအဖော်ဆိုတာ လူတွေသတ်မှတ်ထားသော ပညက်တစ်ခုပင် ဖြစ်သည်ဟု အဓိပ္ပာယ်ရလာသည်။
တရားသဘောနှင့်ဆိုလျှင်လည်း သူ့အတွက် ပါရမီဖြည့်ဖက်တစ်ယောက်ဆိုတာ သိပ်မလိုအပ်လှ ဟု သူထင်မြင်သည်။ မေတ္တာတရားနှင့်ဆိုရလျှင် သူ့တသက်တွင် မိန်းမနှစ်ယောက်အား အမြတ်တနိုးချစ်ခဲ့ဖူးပြီ။ သူ့တွင် မိန်းမတွေကို ချစ်ဖို့ အချစ်မကျန်တော့၊ ဒါမှမဟုတ် နောက်ထပ်မိန်းမတစ်ယောက်ကို သူမချစ်ရဲတော့။

သူသည် နှင်းဆီပွင့်များကို ချစ်သည်။ ဘုရားရင်ပြင်တော်ပေါ်က ခေါင်းလောင်းသံလွင်လွင်ကိုချစ်သည်။ အမေ့ကို ချစ်သည်။ (ဟိုမိန်းမနှစ်ယောက်နဲ့တော့ ဘယ်လိုမှ မတူနိုင်) ပန်းခြံထဲက မြက်ခင်းစိမ်းစိမ်းနှင့် ရေကန်ပြာပြာကို ချစ်သည်။ အမှန်တရားကို ချစ်သည်။ ထိုအရာများကသာ သူ၏ ပါရမီဖြည့်ဖက်များဟု သတ်မှတ်ယူထား၏ ။

*

## (၆)

နောက်ဆုံးတော့ သူပိုင်ဆိုင်သော နှင်းဆီခြံထဲသို့ မိတ်ဆွေသည် သူတို့မြို့ကလေးမှ ပြန်သွားသောအချိန်အထိ မရောက်ဖြစ်လိုက်။ သူ့မိတ်ဆွေသည် မြို့ကလေး၌ `လ□ အတန်ကြာ နေထိုင်သွားခဲ့၏ ။

"ပြန်ပီဗျာ. . . နောက်တစ်ခေါက်မှပဲ ခင်ဗျားဆီ အေးအေးဆေးဆေး လာခဲ့ဦးမယ်။ ဟိုမှာလည်း အလုပ်ကိစ္စတွေ မပြက်သေးဘူး" ရထားမထွက်ခင် မိတ်ဆွေနောက်ဆုံးပြောခဲ့သော စကားဖြစ်သည်။ ဂစ်တာကြိုးတစ်ချောင်း ရုတ်တရက် ပြတ်ထွက်သွားပုံမျိုးကို မိတ်ဆွေအား သူပြုံးပြလိုက်မိသည်။

*

**(၇)**

သူ့မိတ်ဆွေပြန်သွားပြီး နောက်တစ်နေ့ နံနက်စောစောတွင် သူတို့မြို့ကလေးပေးသို့ ဆောင်းရဲ့ အငွေ့အသက်အဖြစ် နုစိုသော နှင်းစက်တွေ ကျဆင်းလာခြင်းကို ပြတင်းတံခါးဖွင့်၍ သူမြင်တွေ့လိုက်ရလေသည်။

**ချယ်ရီ၊ ဇန်နဝါရီ၊ ၂၀၀၄**

*